# ခိုင်မိမိဇင်

## ဤသည်မှာအချစ်မည်၏



Art work of Finger Tip Art Group

# ဤသည်မှာ အချစ်မည် ၏

## (၁)

"ဗုန်း"

"အောင်မလေ¬¬¬¬¬း၊ လန့်လိုက်တာ မေနော်ရယ်၊ ဖြည်းဖြည်း သက်သာများ လုပ်ပါ"

မေနော်သည် မနိုင်မနင်း သယ်မလာသော ကတ္တူပုံးကြီးကို ကောင်တာအနီးတွင် "ဗုန်းကနဲ" မြည် အောင် ပစ်ချလိုက်သဖြင့် သူနှင့် လုပ်ဖော်ကိုင်ဖက် အရောင်းစာရေး မကလေးက ရင်ကိုလက်ဖြင့် ဖိ၍ ပြောလိုက်သည်။

"စိတ်မရှည်တော့ဘူးဟယ်၊ တစ်နေ့တစ်နေ့ ထပ်ခိုးပေါ်တက်လဲ ကိုယ်ပဲ၊ ပစ္စည်းစာရင်းစစ်လဲ ကိုယ်ပဲ၊ အဝယ်ထွက်ရင် လိုက်ရတာ လဲ ကိုယ်ပဲ¬¬¬၊ ဒီအလုပ်လုပ်ရတာ သေချင်စော်နံနေပြီ ခုနေများ ရည်းစားရှိရင် တစ်ခါတည်း ကောက်ယူပစ် လိုက်ပါတယ်။ ဒါမ¬¬ ဒီဒုက္ခက ငြိမ်းရောပဲ"

"ဟဲ့...ဟဲ့...မေနော်၊ ဒီမှာ ဝယ်သူရှိတယ်"

"ဟင်..."

မေနော်သည် သူ့ကို ပြုံး စစမျက်နှာဖြင့် ကြည့်နေသော သူ့ညာဘက်ကောင်တာမှ ဈေးဝယ်နေသူကို တွေ့ရလျှင် ပါးစပ်ကို လကချောင်းလုလုကလေးများ ဖြင့် ပိတ်၍ မျက်လုံးပြူး ကာဖြင့် ဇက်ပုကာ ကြည့်နေ၏ ။

မေနော့်အသွင်ကလေးမှာ ချစ်စရာကောင်းလှနေပါ၏ ။

"မေနော်ရေ"

"ရှင်...လာပါပြီ မမနွယ်"

မေနော်သည် အသံလာရာအခန်းဆီသို့ လျင်မြန်စွာ ထွက်ပြေး ပျောက်ကွယ်သွား၏ ။

စတိုးဆိုင်ပိုင်ရှင် ဒေါ်လှလှနွယ်သည် သူ၏ လက်ရုံး တစ်ဆူလို အားကိုးအားထား ပြုနေရသော သူ့အရောင်း စာရေး မလေး မေနော်ကို ပစ္စည်းစာရင်း စစ်ခိုင်းနေပြန်၏ ။

"မေနော်ရယ် ထပ်ခိုးပေါ်တက်ပြီး မလေးရှားဖန်ခွက် အကတ်တွေ ကို စစ်ကြည့်ပါဦး၊ မမနွယ် စစ်လာတာ အားလုံး ဒါဇင် ငါးဆယ်ကွယ့် ခုမှ ရောင်းပြီးတာ တစ်ဒါဇင် မရှိသေးဘူး"

"ဟုတ်ကဲ့"

မေနော်သည် ထပ်ခိုးပေါ်သို့ တက်ခဲ့ပြီး ဖန်ခွက်ဘူးများ ကို စစ်ဆေးရေတွက်ရင်း စောစောက သူ့စကားကို ကြားပြီး သူ့မျက်နှာကို ပြုံး စေ့စေ့ကြည့်ခဲ့ဖူး၏ ချောချောခန့်ခန့် ရုပ်အသွင်ကို မျက်စိထဲတွင် မြင်ယောင်၍ နေမိသည်။

"အဟင်း ဒီလူကြီးတော့ ငါ့ကို ဘယ်လို မိန်းကလေးလဲလို့ ထင်မလဲမသိဘူး၊ တစ်ခါတစ်လေ စိတ်တို တော့လဲ ပါးစပ် မထိန်းဘဲ ပြောလိုက်မိတယ်"

မေနော်သည် သူ့စတိုးဆိုင်ပိုင်ရှင်၏ စေခိုင်းမှု ကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးသော အခါ စာရွက်နှင့် ဘောလ်ပင်ကို ကိုင်၍ ထပ်ခိုးပေါ်မှ ပြန်ဆင်းလာ၏ ။

"စာရင်းက မှန်ပါတယ်၊ အပေါ်ထပ်မှာ လေးဒါဇင် ကျန်ပါသေးတယ် မမနွယ်"

"အေး...အေး၊ ကျေးဇူးပဲ၊ မမနွယ်က သီတင်းကျွတ်နားနီးလာလို့ ပစ္စည်းတွေ ပြတ်နေမှာ စိုးလို့ စစ်ဆေးခိုင်းတာ ပါကွယ်၊ ငါ့ညီမလေးလဲ မောလှရော့မယ်၊ မနက်ကတည်းက အလုပ်နဲ့ လက်နဲ့ မပြတ်သေးဘူး၊ သွားတော့၊ သွားတော့၊ ဒီနေ့အဖို့တော့ ခိုင်းစရာ ဒါပါပဲ"

"ဟုတ်ကဲ့"

ဒေါ်လှလှနွယ်ကို ကျောခိုင်းလိုက်ပြီးသည်နှင့် သူ့မျက်နှာကလေးကို မေနော်က မဲ့လိုက်သည်။

"ဒီနေ့အဖို့တော့ ခိုင်းစရာ ဒါပါပဲတဲ့၊ ဒီထက်များ ခိုင်းရင်တော့ လျှာအလျားလိုက် ထွက်ရချည့်ရဲ့ "

"မဲ့မဲ့ရွဲ့ရွဲ့နဲ့ ဘယ်လို ဖြစ်လာပြန်တာလဲ မေနော်"

"အဟွန်း၊ မမနွယ်က မေနော့်ကို ခိုင်းတာ ဒီနေ့အတွက်တော့ ဒါပါပဲတဲ့ သီတာရေ၊ ဒီထက်များ ခိုင်းရင်တော့ မေနော် လျှာအလျားလိုက် ထွက်သေမှာ သေချာတယ်"

မေနော်က သူ့ထမင်းချိုင့်ကလေးကို ပလတ်စတစ်ခြင်း ထဲက ထုတ်ယူပြီး သူ့ကောင်တာတွင် ပြန်တင် လိုက်သည်တွင် သူ၏ ကောင်တာရှေ့၌ ရပ်နေသော စောစောကလူ ခန့်ခန့် ချောချောကြီးကို တွေ့လိုက်ရပြန်သည်။

"ဟို...ဟို၊ ဘာ...ဘာ အလိုရှိပါသလဲရှင်"

မေနော် တစ်ယောက် ထစ်ထစ်ငေါ့ငေါ့ ဖြစ်သွားသည်ကို တစ်ဖက်ကောင်တာတွင် ရှိနေသော သီတာကကြည့်ကာ ပါးစပ်ကို လက်ကလေးဖြင့် အုပ်၍ ရယ်နေ၏ ။

"မင်း ထမင်းစားမလို့ မဟုတ်လား၊ စားပါ၊ စားပါ၊ တို့နောက်မှပဲ ပြန်လာဝယ်ပါ့မယ်"

"အို...မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ နောက်မှ စားလဲရပါတယ်၊ ဒီက ဘာများ အလိုရှိပါလဲရှင်"

"သုံးထောင့်ထိုး လက်နှိပ်ဓာတ်မီး လိုချင်လို့ပါ"

"ရပါတယ်၊ ရပါတယ်၊ ဒီအမျိုးအစား ကတော့ အကောင်းဆုံးပဲရှင့်"

မေနော်သည် သွက်လက်ချက်ခြာစွာ ဖြင့် လက်နှိပ်ဓာတ်မီးကို ထုတ်ယူကာ ကောင်တာပေါ်တွင် ချပေးလိုက်သည်။

"တို့ ဒါပဲ ယူပါ့မယ်၊ စမ်းပြီး မီးသီးအပိုနှစ် လုံးနဲ့ ဓာတ်ခဲပါ ထည့်ပေးလိုက်ပါ"

"ဟုတ်ကဲ့"

မနော်သည် လှပသော လက်ချောင်းကလေးများ ဖြင့် သွက်လက် လျင်မြန်စွာ ဓာတ်ခဲနှင့် မီးသီးကို စမ်း၍ လက်နှိပ်ဓာတ်မီးတွင် ထည့်လိုက်သည်။

"ဒီမှာ နော်"

"မင်းက တော့် တော့်ကို ကျွမ်းကျင်နေတာပဲနော်"

"အဟင်း၊ ဒါတင် ဘယ်ကမလဲ၊ ထမင်းချက်၊ အိမ်ရှင်း၊ အချုပ်အလုပ်၊ မိန်းကလေး တတ်အပ်တဲ့ ပညာတွေ လဲ အများ ကြီး တတ်ပါသေးတယ်ရှင့်"

"မင်းကိုကြည့်ရတာ ပျော်ပျော်နေတတ်ပုံပဲ"

"စိတ်ညစ်တတ်ရင် ကျွန်မ သေတာ ကြာပြီအစ်ကိုရေ"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီး အဟင်း...အဟင်း"

လူခန့် လူချောကြီးက သူ့ပိုက်ဆံအိတ်ထဲမှ ထောင်တန်တစ်ရွက်ကို ထုတ်ယူ၍ မနော်၏ အရောင်း ကောင်တာပေါ်သို့ တင်ပေးလိုက်သည်။

မနော်သည် လှပဝိုင်းစက်သော လက်ရေး ကလေးဖြင့် ဘောက်ချာ ရေး လိုက်ပြီး ပစ္စည်းဝယ်သူအား ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်၊ နောက်လဲ လိုတာရှိရင် ကျွန်မတို့ဆိုင်မှာ အားပေးပါနော်"

"လာရမှာ ပေါ့ဗျာ၊ လာရမှာ ပေါ့"

ရယ်ရယ်ပြုံး ပြုံး မျက်နှာဖြင့် စတိုးဆိုင်ထဲက ပြန်ထွက်သွားသူကို ကြည့်ကာ မျက်စိတစ်ဆုံး ကြည့်နေပြီးမှ မနော်သည် သူ့အဖော် အရောင်းစာရေး မကလေး သီတာ့ကို ကြည့်လိုက်သည်။

"ခန့်ချောကြီးနော် စတိုင်ကလဲ ကောင်းတယ်"

"ဟုတ်တယ်၊ ရှင်ရှင်မင်းသားဆိုရင် အမျိုးသမီးထု ကြိုက်မယ်ရုပ်"

"မေနော့်ဆီက လက်နှိပ်ဓာတ်မီးဝယ်ဖို့ တမင်များ စောင့်နေတာလားမသိဘူး"

" တော် စမ်းပါ သီတာရယ် "

" ဟုတ်တယ်၊ မေနော့်ရုပ်ကလဲ အစ်ကိုကာလသားတွေ ကြိုက်ချင်စရာမဟုတ်လား၊ ဆိုင်ထဲမှာ ဘာမှ မဝယ်ဘဲ ဟိုကြည့်ဒီကြည့် လုပ်နေတာကြာပြီ၊ မေနော် ရောက်လာမှ သူဒီဘက်လှည့်လာတာ"

" အဟင်း...ဟင်း ရှင်ခုန်အောင် ပြောနေပြန်ပါပြီ ဒီသီတာမ က၊ လာ...လာ အပိုတွေ ပြောမနေနဲ့ ထမင်းဆာပြီ"

သူ့ထမင်းချိုင့်ကိုဆွဲ၍ မေနော်က ထမင်းစားပွဲဆီသို့ လျှောက်သွားသဖြင့် သူ့နောက်သို့ သီတာ လည်းလိုက်ခဲ့သည်။

နှစ် ယောက် သား ထမင်းစားရင်း သူတို့ဆိုင်ရှင်မမ၏ အတင်းကို ထွက်နေကြစဉ် သူ့အလုပ်ခန်းတွင် း သို့ ဆိုင်ရှင်မမသည်လက်ပွေ့အိတ်ကြီးကို လက်တွင် ဟန်ပါပါ ချိတ်ဆွဲကာ ထွက်လာ၏ ။

"ကလေးမနှစ် ယောက် မမနွယ် အပြင်ခဏသွားလိုက်ဦးမယ်။ ဖုန်းလာရင်မှတ်ထားလိုက်ကြဦးနော်"

" ဟုတ်ကဲ့ မမနွယ်"

"အပျိုကြီးတော့ လိမ့်သွားပြန်ပြီ"

"ဘယ်သွားတာလဲ မသိဘူး"

"အပျိုလှည့်တာနေမှာ ပေါ့ သီတာရာ"

"ဟွန့် ...ကြားဖူးပါဘူး၊ လူပျိုလှည့်တယ်ပဲ ကြားဖူးပါတယ်"

" မကြားဖူးရင် ခုကြားဖူးပြီးမဟုတ်လား၊ မှတ်ထားလိုက်"

" မေနော်၊ မေနော်"

" ဟယ်...ဒီလောက် ကပ်ထိုင်နေတာကို ခေါ်လှချည်လား"

"ဟုတ်ပါဘူး၊ ပြောစရာ သတိရလာလို့ပါ၊ မေနော်ကလဲ"

" ဘာလဲ"

"စောစောက လူချောချောပြီးသာ တွေ့ရင် မမနွယ်ကြီးဘယ်လိုနေမလဲမသိဘူးနော်"

" ထုံးစံအတိုင်း သူကိုယ်တိုင် ဝင်ရောင် းပြီး မောင်လေး၊ မောင်လေးနဲ့ တစ်လေးလေးပဲနေမှာ ပေါ့ သီတာရယ်"

သီတာသည် ထမင်းမစားနိုင်ဘဲ မေနော်၏ ပြောဟန်ကို ကြည့်ကာ တခစ်ခစ်ရယ်နေ၏ ။

"ဒီအမျိုးသားကို ဒီတစ်ခါပဲ မြင်ဖူးပါတယ်၊ ဒီ ကတော့ မဟုတ်နိုင်ဘူး ထင်တယ်"

စဉ်းစဉ်းစားစား အမူအရာဖြင့် မေနော်က ပြောလိုက်သည်။

"ဟုတ်တယ်၊ ဒီပတ်ဝန်းကျင်ကို ပြောင်းလာတဲ့ လူသစ် တစ်ယောက် ပဲ ဖြစ်မယ် ထင်တယ်"

"ဟုတ်ချင် ဟုတ်မှာ ပေါ့"

"ရုပ်ရှင်တွေ ၊ ဝတ္ထုဇာတ်လမ်းတွေ ထဲကလို မေနော့်ကို သူလာနောက်ပိုးရင်း သိပ်ကောင်းမှာ ပဲ"

"စိတ်ကူးမယဉ်စမ်းနဲ့ သီတာ၊ တို့လို အရောင် းစာရေး မ ပါ့မွှားလေးတွေ ကို ဒီလိုခေတ် သူဌေးတွေ က စိတ်ဝင်စားပါ့မလား"

"ဘယ်ပြောနိုင်ပါ့မလဲ၊ ဖူးစာကံပါလာရင်"

"ဖူးစာ၊ ဟွန်း...ဘာဖူးစာကိုမှ မေနော် စိတ်မဝင်စားတော့ဘူး"

“မေနော်ကလဲလေ၊ ဒီတစ်သက် မေနော် အိမ်ထောင်ပြုဖို့ မစဉ်းစားတော့ဘူးလား၊ ပြောပါဦး သီတာ့ကို”

“အိမ်ထောင်တော့ ပြုချင်ပြုမယ်၊ ဒါပေမယ့် ဒါပေမယ့် အချစ်ပါဖို့ မလိုဘူး”

“ဟွန့်...ဘယ်လိုကြီးလဲ၊ တစ်ယောက် ကို တစ်ယောက် ချစ်မှ မေတ္တာရှိမှ အိမ်ထောင်ပြုကြတာလို့ပဲ သီတာ ထင်တယ်”

“သီတာ့အတွက်တော့ ဟုတ်မယ်၊ တို့အတွက်တော့ အချစ်၊ ဆိုတာ အလကားပဲ၊ အိုလေ ဒီအကြောင်းတွေ မပြောတာဘဲ ကောင်းတယ်၊ အဟောင်းတွေ အသစ် ဖြစ်လာကုန်တော့မယ်”

သူ့ထမင်းချိုင့်ကလေးကို ကပျာကယာသိမ်းပြီး မေနော်သည် ထမင်းစားပွဲမှ ထထွက်သွား၏ ။

မေနော်က ဘယ်လိုလဲ အဟောင်းတွေ အသစ်မ ဖြစ်ချင်ပေမယ့် ရင်ထဲမှာ ပြာဖုံးနေသော ခံစားချက်မီးကျည်ခဲများ လေသင့် သွားရပြန်ပါ၏ ။

တစ်ချိန်က မေနော် သိပ်ချစ်တတ်တဲ့ မိန်းကလေး တစ်ယောက် ပါ။ သူ့အချစ်ဦး ဇော်ကိုကို ကို အသက်တမျှတုန်နေအောင် ချစ်ခဲ့ပါ၏ ။ ဇော်ကိုကိုကပေးသော ရွှေမောင်းကွင်းလက်စွပ် ကလေးထဲတွင် သူ့အချစ်တွေ ရုန်းမထွက် နိုင်ဘဲ ဝဲလည်နေခဲ့ရပါ၏ ။

ဇော်ကိုကိုသည် သူ့ကို ချစ်တတ်အောင် သင်ဘူးသည်။ ပြီးတော့ သည်အချစ်တွေကို စုစုနေသော သူ့အသည်းနှလုံး နုနုကလေးကို နင်းချေပျက်စီး၍ သွားခဲ့သည်။

ထိုအခါ အချစ်သည် မေနော့်အတွက် ခါးသော အရာ ဖြစ်ခဲ့ရသည်။ မေနော် လူးလူးလဲလဲ ခံစားခဲ့ရပါ၏ ။

သည့်နောက်တွင် တော့ မေနော်၏ အသည်းနှလုံးသည် ချစ်တတ်သော အရာ မဟုတ်တော့ဘဲ ကျောက်သား ကျောက်စိုင်လို တင်းမာခဲ့ပါတော့သည်။

*

(၂)

မနော်သည် အလုပ်တွေ ပိလွန်းသဖြင့် နေ့လည်ကတည်းက တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲပြီး ညနေစောင်း အိမ်ပြန်ချိန် ရောက်တော့ ခြေလက် မလှုပ်ရှားချင်အောင် ဖြစ်နေ၏ ။

“မနော်တော့ တွေ့ရာလမ်းဘေးသာ ပစ်လှဲပြီး အိပ်လိုက်ချင်တော့တယ်၊ အဆောင် ရောက်အောင် တောင် မပြန်ချင်တော့ဘူး သီတာရာ”

“မလုပ်လိုက်ပါနဲ့ ခွေးတွေ ဝိုင်းဆွဲလို့ မြင်မကောင်း ရှုမကောင်း ဖြစ်နေပါ့မယ် အဟင်းဟင်း…”

“ဒီသီတာမကလေ သူများ ဒီလောက် ခံစားနေရတာ ကို ရယ်နေနိုင်သေးတယ်”

“သီတာက စိတ်ပြေလက်ပျောက် ဖြစ်အောင် စလိုက် တာပါ မနော်ရယ်”

နှစ် ယောက် သား လမ်းဖြတ်ကူးကြသည့်အခါတွင် စက်ဘီးစီးတတ်ခါစ ကလေး တစ်ယောက် က မနော်ကို စက်ဘီးနှင့် ဝင်တိုက်လိုက်သည်။

“အမေ့”

မနော်၏ လက်ထဲမှ ထမင်းချိုင့်ကလေး အဝေးသို့ လွင့်စင်သွားပြီး မနော် လမ်းပေါ်တွင် ပြိုလဲကျနေသည်။

“မနော်…မနော်၊ ဘာ ဖြစ်သွားလဲဟင်း ဘာ ဖြစ် သွားလဲ”

“ခြေ…ခြေဆစ်က နာလိုက်တာ သီတာရယ်”

“ဟယ်…ခြေဆစ်ကြီး ယောင်လာပြီ၊ ဒုက္ခပါပဲ၊ ဟဲ့ကောင်စုတ်လေး စက်ဘီးမစီးတတ်ဘဲနဲ့ လမ်းပေါ် တက်နင်း ရသလား ဟင်၊ ကြည့်စမ်း ဒီမှာ နာသွားပြီ”

"တောင်း...တောင်းပန်ပါတယ် အစ်မရယ်၊ တောင်းပန်ပါတယ်"

ကောင်လေးက လက်အုပ်ကလေးတစ်ချီချီနှင့် ဒေါသထွက်နေသော သီတာ့ကို တောင်းပန်နေခိုက် ကားနက်ကြီးတစ်စီး သူတို့အနီးတွင် ထိုးဆိုက်ကာ ကားတံခါးကိုဖွင့်၍ အမျိုးသား တစ်ယောက် အပြေးကလေး ဆင်းလာ၏ ။

"လမ်းဆုံစတိုးက မိန်းကလေးတွေ ပဲ၊ ဘာ ဖြစ်ကြတာလဲ၊ သူ ဘယ်ထိသွားလဲဟင်"

မုဆိုဒူးထောက်ထိုင်၍ လက်ဖြင့် ခြေတပွတ်တိုင်ကို တင်းကြပ်စွာ ဖိနေသော မေနော့်ကို သူက ကြည့်လိုက် သည်။

"ဟို...ဟို...အစ်ကိုပဲ၊ ဒီမှာ ဒီကောင်လေးက စက်ဘီးနဲ့ မေနော့်ကို ဝင်တိုက်လိုက်လို့"

သီတာက ရှင်းပြလိုက်သည်။

"ဆေးခန်းပြမှပေါ့၊ ခြေထောက်က ယောင်လာပြီ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ ဆေးခန်းပြတာ ကောင်းတယ်၊ အထဲမှာ ဘာ ဖြစ်သွားလဲမှ မဆိုနိုင်တာ"

ဝိုင်းဝန်းကြည့်နေသူများ က တစ်ယောက် တစ်ပေါက် ဝင်ပြောလိုက်ကြ၏ ။

"မင်းထနိုင်လားဟင်၊ တို့ ထူပေးမယ်၊ ထကြည့်စမ်း"

သီတာနှင့် ကူညီလာသူတို့ မေနော့်ကို တစ်ဖက်ဆီ တွဲထူပေးရာ မေနော်မှာ နာလွန်း၍ ခွေလဲလုမတတ် ဖြစ်သွား၏ ။

သူက မျက်ရည်လည်ရွှဲသော မျက်လုံးများ ဖြင့် ကူညီလာသူကို ကြည့်ပြီး ခေါင်းယမ်းပြလိုက်သည်။

"နာတယ်၊ အရမ်းနာတာပဲ"

နှုတ်ခမ်းသားကလေးများ တစ်ဆတ်ဆတ်တုန်ကာ အသည်းခိုက်အောင် နာကျင်မှု ဝေဒနာ ခံစားနေရသော မိန်းကလေးကို သူရိန်၏ နှလုံးသားထဲမှ ကြင်နာသနားစိတ်များ ယိုစိတ်၍ လာ၏ ။

သူရိန်သည် ခွင့်မတောင်းဘဲ သူ့ကို စွေ့ခနဲ ပွေ့ယူကာ သူ့ကားဆီသို့ ခေါ်ခဲ့ပြီး ကားနောက်ခန်းတွင် တင်လိုက်သည်။

"မင်း နောက်ကတတ်ပြီး သူ့ကို ထိန်းထားပေး တို့ဆေးခန်းကို ပို့ပေးမယ်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

သီတာလည်း ကားပေါ်သို့ ကမန်းကတန်းတက်လိုက်ပြီး မေနော်၏ ကိုယ်ကလေးကို ဖက်ထားလိုက်သည်။

"ဘယ်ဆေးခန်းကောင်းလဲ၊ တို့က ခုမှ ဒီကို ရောက်တဲ့လူဆိုတော့ မသိဘူး"

"လမ်းဆုံက သီတာတို့ဆိုင်နားမှာ ပဲ ဆေးခန်းရှိတယ်၊ အဲဒီ ကို မောင်းပေးပါ အစ်ကို"

သူရိန်သည် ကားကို လမ်းဆုံဆီသို့ မောင်းနှင်ခဲ့ပြီး ဆေးခန်းရှေ့တွင် ရပ်လိုက်သည်။

"နေ...နေ၊ တို့ခေါ်သွားပေးမယ်၊ တို့ကို မောင်နှမလိုပဲ သဘောထားပါ"

ထဖို့ကြိုးစားနေသော မေနော့်ကိုပြောပြီး သူရိန်က ပွေ့ချီလိုက်သည်။

ဆရာဝန်က မေနော်၏ ခြေထောက်ကို စစ်ဆေးပြီး ကျိုးခြင်းပဲ့ခြင်းမရှိဘဲ ခြေသပ္ပတ်တိုင် လည်သွားသည်ဟု ကောက်ချက်ချ၏ ။

လိုအပ်သော ကုသချက်များ ပေးပြီး သောက်ဆေး လိမ်းဆေးများ ပေးလိုက်သည်။

"နေ...နေပါ အစ်ကို၊ ဆေးကုသစရိတ်တော့ မေနော်ပဲ ပေးပါရစေ၊ ဒီလောက်

ကူညီတာပဲ ကျေးဇူးတင်လှ ပါပြီရှင်”

မေနော်က အတင်းတားပြီး သီတာကို ဆေးဖိုးရှင်းခိုင်း လိုက်သဖြင့် သူရိန် နောက်သို့ ဆုတ်နေလိုက်ရသည်။

“ခုလိုကူညီတာ ကျေးဇူးတင်ပါတယ် အစ်ကို၊ အပြန်တော့ မေနော်ဘာသာပဲ ကားငှားသွားလိုက်ပါ့မယ်”

“ဝေးလို့လား”

“မဝေးပါဘူး ဒီနားတင်ပါပဲ”

“ဒါဆိုလဲ ပို့မယ့်ပို့ ကူးတို့ရောက်အောင်ပဲ ပို့ပေးပါရစေ၊ ကူညီချင်လို့ပါ”

မေနော်နဲ့ သီတာ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြသည်။

“အားမနာပါနဲ့ တို့ကလဲ ဒီကို ခဏလာတဲ့ ဧည့်သည်ဆိုတော့ မိတ် ဖြစ် ဆွေ ဖြစ်ပေါ့ ဒေါက်တာ ကျွန်တော် တို့ ပြန်လို့ရပြီလား”

“ဟုတ်ကဲ့၊ အနာသက်သာတဲ့ဆေး ထိုးပေးထားတယ်၊ သောက်ဆေးလဲ ထည့်ပေးထားတယ်၊ တစ်ပတ် လောက်တော့ အနားကောင်းကောင်းယူရမယ်နော်”

``ဟုတ်ကဲ့၊ ဟုတ်ကဲ့´´

မေနော်သည် မျက်နှာငယ်ကလေးဖြင့် သီတာ၏ မျက်နှာကိုကြည့်လိုက်သည်။

``အလုပ်မဆင်းနိုင်တာအတွက် ပူမနေနဲ့ မေနော်၊ သီတာ မမနွယ်ကို ပြောလိုက်မယ်၊ မတော် တဆ ထိခိုက်မှု ဖြစ်သွားတာ ဘာတတ်နိုင်မှာ လဲကွာ´´

``ဟုတ်ပါတယ်၊ ဒါ တမင်ဖန်တီးယူတဲ့ ဝေဒနာမှ မဟုတ်ဘဲ၊ မင်းတို့အလုပ်ရှင်ကို တို့ဝင်ပြော ပေးရမလား´´

“ အို...အို...ရပါတယ်၊ ကိစ္စမရှိပါဘူးရှင်”

လက်ကလေးနှစ် ဖက်ကို ရမ်းကာ၍ မေနော်က ပျာပျာသလဲ ပြောလိုက်သည်။

"တို့ ကိုယ့်ဘာသာ ကိုယ်ပဲ ပြန်ပါ့မယ်"

"မဟုတ်တာပဲ၊ ပို့မယ်ပို့ ကူးတို့ရောက်အောင် ပို့ပါရစေ၊ ဘာလဲ မေနော်က တို့အိမ်သိပြီး ခဏခဏ လာလည်မှာ ကြောက်လို့လား"

" အား မဟုတ်ပါဘူးရှင်"

" ဒါဆိုလဲ တို့လိုက်ပို့ပေးတာကို လက်ခံပါ"

မေနော်နှင့် သီတာမှာ သူရိန်ကို မလွန်ဆန်နိုင်တော့ဘဲ သူ့ကူညီမှု ကို လက်ခံလိုက်ရတော့သည်။ မကြာခင် မေနော်တို့နှစ် ယောက် ငှားနေသော အဆောင်ဆီသို့ ရောက်ခဲ့ကြသည်။

အဆောင်မှာ နေကြတယ်ဆိုတော့ မေနော်တို့လဲ နယ်ကပဲနဲ့ တူတယ်" ကားတံခါးကို မေနော် ဆင်းဖို့ဖွင့်ပေးရင်း သူရိန်က မေးလိုက်သည်။

" ဟုတ်ကဲ့၊ မေနော်က ဟင်္သာတကပါ၊ သီတာ ကတော့ ခရမ်းသုံးခွကပါ အစ်ကို" "ဪ...ဪ"

" အစ်ကိုကတောဟင်၊ ဒီကပဲလား" " အင်း...ဒီမှာ နေလိုက်၊ နယ်မှာ နေလိုက်ပါပဲ၊ အနေများ တာ ကတော့ နယ်မှာ ပဲလေ၊ အလုပ်ကိစ္စရှိမှပဲ ရန်ကုန်ကို ဆင်းတယ်"

" ဘယ်နယ်ကလဲဟင်"

" ပြင်ဦးလွင်ကပါ"

" ဪ"

" အစ်ကို ရောက်တုန်း ဝင်လည်ပါဦးလား"

"နေရာ သိနေပြီပဲ၊ နောက်များ မှ လာခဲ့မယ်၊ ဒီက ညီမလဲပင်ပန်းနေပြီ၊ နားလိုက်ပါ၊ တို့ကို ခွင့်ပြုပါဦး"

သူ့မျက်နှာကို ကြည့်၍ ပြောလိုက်သော သူရိန့်ကို မေနော်က ခေါင်းကလေး

ဆတ်ခနဲ ညိတ်ပြလိုက် သည်။

မနော်သည် သီတာ့ကို အမှီသဟဲပြုထားပြီး သူရိန်၏ ကားကလေးအဝေးသို့ ရောက်ရှိသွားသည် အထိ လှမ်းကြည့်နေလိုက်သည်။

“သိပ်ခင်ဖို့ကောင်းတယ် သဘောထားကလဲ ရှယ်ပဲ””

“ဟုတ်တယ်။ သူတစ်ပါးကို ကူညီချင်တဲ့ စိတ်စေတနာလဲ သိပ်ရှိပုံရတယ်”

“ဒီကနေများ ဇာတ်လမ်းကလေးတစ်ပုဒ် ဖြစ်လာမလား မသိဘူးနော်”

မချိုမချဉ် မျက်နှာပေးကလေးဖြင့် သီတာက ပြောလိုက်သည်။

“ဘယ်သူနဲ့လဲ၊ မင်းနဲ့လား သီတာ”

သီတာ့မျက်နှာကို ဆတ်ခနဲ ကြည့်၍ မနော်က မေးလိုက်သည်။

“သီတာ့လို ငါးကျည်းခြောက်ထက် မနော်လို လှတပတ ကလေး ဘယ်သူက ဘယ်လိုရွေး မတဲ့လဲ။ စဉ်းစား ရင်း အဖြေထွက်ပါတယ်”

“ တော် စမ်းပါ သီတာရယ်၊ မနော့်အကြောင်း သီတာ မသိတာကျနေတာပဲ”

“ ဇော်ကိုကို တစ်ယောက် မကောင်းတာနဲ့ပဲ ဝါးလုံးရှည်နဲ့ သိမ်းရမ်းပစ်တာ မကောင်းပါဘူး”

“ကဲ.....ကဲ။ တော် တော့ မရွှေသီတာ၊ ဆက်မကြားချင်တော့ဘူး၊ ဆွယ်တရားလဲ ဟောမနေနဲ့ မနော့်အတွက်တော့ ယောကျာ်းဆိုတာ ဒီပုပ်ထဲက ဒီပဲချည်းပဲ အဆောင်ထဲ ဝင်မယ်၊ ဒါပဲ”

သီတာက ရယ်မောရင်း မနော့်ကို တွဲ ကာ အဆောင်ထဲသို့ ခေါ်ဆောင်လာခဲ့သည်။

*

(၃)

တစ်ဦးနှင့် တစ်ဦး ခင်မင်သိကျွမ်းပြီးကြသည့်နောက်တွင် သူရိန်သည် တစ်ပတ်ခန့် ပျောက်နေ၏ ။

“ ဟို .....လူကြီး လာလည်သေးလား”

အလုပ်က ပြန်လာသော သီတာသည် စားပွဲပေါ်သို့ သူ့လက်ထဲက ပလတ်စတစ်ခြင်းကလေးကို ချရင်း အခန်းကို တံမြက်စည်းလှဲနေသော မေနော့်အား မေးလိုက်သည်။

“ ဘာ ဖြစ်လို့ ဒီလူကြီးအကြောင်းပဲ အာရုံရောက်နေရတာ လဲ ၊သူ့ကို အသာထားစမ်း၊ လာ မေနော်သိချင်တာက အရင်ပြော၊ မမနွယ် ဘာပြောသေးလဲ”

“ အဲဒီ မမနွယ်ကြောင့် ပဲ အဲဒီ လူကြီးကို မေးရတာ မေနော်”

“ ဘာပြောတာလဲ။ သဘောမပေါက်ဘူး”

“ မမနွယ်က မေနော် ဘယ်တော့ အလုပ်ဆင်းနိုင်မှာ လဲတဲ့၊ ဆိုင်မှာ အလုပ်တွေ ပုံကုန်ပြီတဲ့၊ ရှေ့အပတ်ထဲမှာ ကုန်သေတ္တာတွေ ကလဲ ရောက်တော့မှာ တဲ့”

“ ဟင်း”

သီတာ့ မျက်နှာကို ကြည့်ပြီး မေနော်သည် စိတ်မောလှဟန်ဖြင့် သက်မကြီး ချလိုက်သည်။

“တကတည်း မေနော်မရှိရင်ပဲ သူ့ကုမ္ပဏီကြီး ပျက်တော့မယ့်အတိုင်းပဲ၊ ပြော မပြောလိုက်ချင်ပါဘူး”

“ မေနော့်က ခိုင်းကောင်းတဲ့ နွားမို့ပါ သီတာ”

မျက်နှာကလေး ညှိုး ငယ်စွာ ဖြင့် မေနော်က ပြောလိုက်သည်။

" အေး....အဲဒါကြောင့် ပဲ အဲဒီ ဘဝမျိုး က လွတ်အောင် ဟိုလူကြီးကို သီတာ တမ်းတနေမိတာ"

" ဟင် .......ဘယ်လို...... ဘယ်လို"

ပြုံး ပြုံး ပျာပျာ သီတာ၏ မျက်နှာကို မေနော်က ကြည့်လိုက်သည်။

" ဟုတ်တယ်လေ၊ ဒီလိုလူမျိုး နဲ့ မေနော်အကြောင်းပါသွားရင် မမနွယ် လက်ကနေ လွတ်ရော မဟုတ်လား"

" အဟင်း........ဟင်း.......ဟင်း.............ဟင်း အကြံကြီးလိုက်လေ မရွှေသီတာရယ်"

" ဟုတ်တယ်၊ သီတာ ကတော့ မမနွယ်ကြီးကို ကြာလေ ကြည့်မရလေ ဖြစ်နေပြီ၊ ဘာမဆို သူ့အတွက်မှ သူပဲ၊ သူ့ကျတော့ ခေါင်းကိုက်ရတာ နဲ့၊ ဗိုက်နာရတာ နဲ့ ၊တစ်နေ့ တစ်မျိုး မရှိးဘူး၊ ရောဂါ တွေ က၊ ဟွန်း..........."

" ကဲပါ ဒေါသတွေ ခဏသိမ်းထားပြီး လုပ်စရာရှိတာလုပ်၊ ရေချိုး ဖို့ နောက်ကျနေမယ်"

သီတာသည် အဝတ်အစားများ လဲပြီး ရေချိုး ဖို့ လက်တွင် ရေဖလားကလေးတစ်လုံးကိုင်၍ လျှောက်လာရာမှ မေနော့်ထံသို့ လှမ်းကြည့်ကာ ခြေလှမ်းများ တန့်သွား၏ ။

" ဘာပြောမလို့လဲ သီတာ"

" သူဘာ ဖြစ်လို့ မလာတော့တာလဲ မသိဘူးနော်"

" ခက်လိုက်တာ သီတာရယ်၊ ဒီလိုလူမျိုး တစ်ယောက် အတွက် မိန်းကလေးဆိုတာ တို့နှစ် ယောက် တည်းပဲ ရှိတာ မဟုတ်ဘူး၊ စိတ်ကူးမယဉ်ချင်စမ်းပါနဲ့ကွာ၊ တို့တစ်တွေ ဘဝနဲ့ သူ့ဘဝကိုလဲ ချိန်ဆကြည့်ဦး၊ မိုးနဲ့ မြေ"

“ ဘုရင့်သမီးနဲ့ စောင့်အိုလုလင် ဇာတ်လမ်းတောင်ရှိခဲ့ဘူးသေးတာပဲ”

“ အဟင်း .........ဟင်း....... ဟင်း များ ကတော့ ဂုပိတ်ခံရမှာ ကို ကြောက်လှပါတယ်ကွယ်”

ချစ်စဖွယ် အမူအရာကလေးဖြင့် ပုခုံးကလေးကို တွန့်ကာ မေနော်က ပြောလိုက်သည်။

“ မေနော် ကတော့လေ ပြောလိုက်ရင် လမ်းဆုံးချည်းပဲ။ တော် ပြီ၊ ဘာမှ မပြောတော့ဘူး”

ခြေထောက်ကလေး ဆောင့်နင်းကာ သူ့ရှေ့မှ ထွက်ခွာသွားသော သီတာ့ကို ကြည့်၍ အသံ ကလေးများ ထွက်အောင် မေနော်ရယ်မောနေ၏ ။

တစ်ရက်၊ တစ်ရက်နှင့် သန်ဘက်ခါဆိုလျှင် မေနော် အလုပ်ပြန်ဆင်းရပေတော့မည် ။

မေနော်သည် သူ့ခြေဆစ်ကလေးကို ဆေးလူးရင်း မျက်နှာကလေးက ညှိုး ငယ်နေ၏ ။

“ ဟင်...... အလုပ်ဆင်းတာနဲ့ ငါ့ကို မမနွယ်ကြီးက ပညာမတာ ခိုင်းတော့မှာ ပဲ။ အေးလေ၊ ဘာတတ်နိုင်မှာ လဲ အခြားထွက်ပေါက်မရှိတော့လည်း ခါးစည်းခံပေဦးပေါ့”

ဆေးလူးပြီးသွားသော ခြေဆစ်ကို ပတ်တီးစကလေးဖြင့် စည်းရင်း အမှတ်မထင် အဝင်ပေါက်သို့ ကြည့်လိုက်မိရာ-

“ ဟင်”

မေနော်ထံမှ အာမေဍိတ်သံကလေး ထွက်သွား၏ ။

လက်တစ်ဖက်စီတွင် ကြွပ်ကြွပ်အိတ် တစ်တွဲ စီနှင့် ခြံတံခါး တွန်း၍ ခြံထဲသို့ လျှောက်ဝင်လာနေသူမှာ ကိုသူရိန် ဖြစ်နေ၏ ။

“ တို့ ဆိုင်ကို ရောက်သွားသေးတယ်။ သီတာက မေနော် အိမ်မှာ ရှိတယ်။ သွားလိုက်ပါဆိုလို့ တို့လာခဲ့တာ”

အံ့အားသင့်နေသော မေနော်၏ မျက်နှာကလေးကို ချိုရီပြုံးရွှင်စွာ ဖြင့် ကြည့်ရင်း သူရိန်က ပြောလိုက်သည်။

“ ဟုတ်...ဟုတ်ကဲ့ ၊ထိုင်ပါ၊ ထိုင်ပါရှင့်”

သူရိန်သည် သူ့ပလက်ထဲက ဖောင်းကားနေသော ကြွပ်ကြွပ်အိတ်နှစ် လုံးကို မေနော်၏ ရှေ့က စားပွဲပေါ်သို့ တင်ပြီး မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ထိုင်လိုက်သည်။

“ မေနော်၊ ခြေထောက် အတော် သက်သာသွားပြီလား”

“ ဟုတ်ကဲ့ ”

“ တို့လဲ မေနော်တို့နဲ့ တွေ့ပြီး နောက်တစ်နေ့မှာ ဧည့်သည်တွေ က အညာဘက် ခရီး ထွက်ချင်တယ်ဆိုလို့ ချက်ချင်း လိုက်သွားပေးရတယ်၊ သီတာနဲ့ မေနော့်အတွက် အညာပြန် လက်ဆောင် တွေ ပါလာတာ၊ လာပို့တာလေ”

“ ဒုက္ခရှာလို့ အားနာစရာကောင်းလိုက်တာရှင်”

“ အားမနာရပါဘူး။ တို့ထမ်းလာရတာ မှ မဟုတ်ဘဲ၊ ကားနောက်ခန်းထဲ တင်လာခဲ့တဲ့ဥစ္စာ၊ တို့ စီးကရက် သောက်လို့ ရမလားဟင်”

သူရိန်က သူ့လက်ထဲက ရွှေရောင် စီးကရက်ဘူးကလေးကို ထောင်ပြပြီး မေနော့်ထံ ခွင့်တောင်း လိုက်သည်။

“ သောက်ပါရှင်၊ သောက်ပါ”

သူရိန်သည် စီးကရက်ကို မီးညှို၍ တစ်ရှိုက်နှစ် ရှိုက် ဖွာရှိုက်ပြီးမှ မေနော့်ကို ပြုံးတုံ့တုံ့ကြီး ကြည့်လိုက်သည်။

“ သီတာက မေနော့်ကို အတော် ခင်ပုံ၊ချစ်ပုံရတယ်နော်၊ မေနော့်ခမြာ

တစ်ယောက် တည်း အဆောင်မှာ ပျင်း နေရှာတယ်တဲ့ အကူအညီပေးခဲ့တဲ့ တို့ကိုလဲ သတိရနေတယ်တဲ့။ အဆောင်မှာ မေနော့်ကို သွားတွေ့လိုက်ပါတဲ့လေ”

“ သီတာစုတ်၊ တမင် ပင့်လွှတ်လိုက်တာ၊ ပြန်လာမှ သိဦးမယ်”

မေနော် ကျိတ်၍ သီတာ့ကို ကြိမ်းထားလိုက်သည်။

“ နေဦး၊ သီတာမ၊ ပြန်လာမှ သိမယ်”

“ တို့လဲ အလုပ်ကိစ္စဆောင်ရွက်စရာတွေ ပြီးပြီဆိုတော့ လကုန်ရင် ပြင်ဦးလွင်ကို ပြန်ရဦးမယ်၊ ဟိုမှာ လဲ အရေး ကြီးတဲ့ကိစ္စက ရှိနေသေးတယ်”

“ဟုတ်ကဲ့”

“ မေနော်က စကားနည်းလိုက်တာ၊ တို့လာလည်တာ မကြိုက်လို့လား ဟင်”

“ အို....မ ... မဟုတ်ပါဘူး၊ ဘာပြောရမှန်း မစဉ်းစားတတ်လို့ပါ”

“တော် သေးတာပေါ့၊ မကြိုက်ဘူးများ ၊ပြောမလားလို့ တို့က မေနော်နဲ့ သီတာ့ကို ခင်မင်မိတယ်၊ မင်းတို့နှစ် ယောက် အချည်အချ ပြောလိုက်တဲ့ စကားလေးတွေ လဲ ကြားလိုက်မိတာ နားထဲက မထွက်ဘူး”

မေနော် မျက်နှာဖွေးဥဥကလေး ရဲကနဲ ဖြစ်သွားသည်။

“ ဒီလို ပွင့်လင်းတာမျိုး တွေ တို့ကြိုက်တယ်။ ဒါကြောင့် လဲ သီတာနဲ့ မေနော့်တို့ကို ခင်မင်မိတာပါ”

“ အဟင်း.. မေနော်တို့လဲ ဘာရယ်မဟုတ်ပါဘူး၊ ဒီလိုပဲ ပြောမိပြောရာ ပြောနေကြတာပဲ”

“ ဒါနဲ့ မနက်ဖြန် မေနော် မေမေဆုံးတာ သုံးနှစ် မြောက်နေ့မို့ ဘုရားဖူးထွက်မယ်လို့ သီတာက ပြောလိုက်တယ်။ တို့လိုက်ပို့ပေးမယ်လေ။ ဖြစ်မလား”

“ ကြည့်စမ်း သီတာစုတ်မ ရိုက်စစ်စရာတောင် မလိုဘူး၊ အိတ်သွန်ဖာမှော က်ကို

ပြောလွှတ် လိုက်တာပဲ”

တကယ်ပဲ သီတာ့ကို ဒေါသထွက်မိလာ၏ ။

“တို့လဲ ရန်ကုန်မှာ ရှိတိုင်း အလုပ်ကိစ္စနဲ့ချည်း နှစ် ပါးသွားနေရလို့ ဘုရားသွား၊ ကျောင်းသွားတောင် မလုပ်နိုင်ခဲ့ တာကြာပြီ တို့လာခေါ်မယ်၊ အတူတူ သွားကြရအောင်နော်”

“ စဉ်းစားနေတယ်၊ အစ်ကိုသူရိန် ပတ်ဝန်းကျင်ကလူတွေ တွေ့သွား၊ မြင်သွားရင် ကောင်းပါ့ မလားလို့”

“ ဘာ ဖြစ်လို့လဲ”

“ ဟိုလေ မေနော်တို့က အကြောင်းမဟုတ်ဘူး ၊ဘယ်သူ ဘာပြောပြော ကိုယ်ကြိုက်တာ ကိုယ်လုပ် တယ်။ ခံနိုင်ရည်လဲ ရှိတယ်။ မေနော်တို့ကြောင့် အစ်ကိုသူရိန် ဂုဏ်ရှိန်ညှိုးငယ်မှာ ကိုပဲ စဉ်းစားပါ”

“ ဟာ.... မေနော်တို့နဲ့ တွဲ သွားလို့ ဘာဂုဏ်ရှိန်မှ ညှိုး ငယ်စရာမရှိဘူး၊ တို့ကလဲ ကိုယ်လုပ် ချင်တာကိုပဲ ရှေ့တန်းတင်တဲ့ လူ တစ်ယောက် ပါ”

“ ဒါဆိုလဲ ပြီးတာပဲလေ”

“ တို့ ဘယ်အချိန် လာခေါ်ရမလဲဟင်”

“ စောစောသွားမယ်လို့ စိတ်ကူးထားတယ်”

“ ဒါဆို တို့ ခုနစ်နာရီလာခေါ်မယ်၊ ဖြစ်မလား”

“ ရပါတယ်”

“ ဒါဆို တို့ပြန်လိုက်ဦးမယ်၊ မနက်ဖြန်မှ တွေ့ကြတာပေါ့”

“ ဟုတ်ကဲ့ ”

သူရိန်သည် မေနော့်ကို နှုတ်ဆက်ပြီး ထိုင်ရာမှ ထထွက်သွား၏ ။

“ အင်း. ဇာတ်လမ်း၊ စတာမဟုတ်ဘဲ ရိုးရိုးသားသား ခင်မင်လာတာပဲ ဖြစ်ပါစေ”

မေနော်သည် သူရိန်၏ နောက်ကျောကို မျက်စိတစ်ဆုံး လှမ်းကြည့်ရင်း ဆုတောင်းလိုက်မိသည်။

*

(၄)

“ လာ ......လာ .... သီတာစုတ်မ၊ နင့်ကျောကို ထုချင်လို့ စောင့်နေတာကြာပြီ၊ ”

“ အဟင်း ..............ဟင်း ထင်သားပဲ၊ အဆောင်ပြန်ရင် မေနော့်ဆီက ဒီစကားကြားရမယ်ဆိုတာ၊ ဒါနဲ့ ဟိုလူကြီး အကြာကြီး နေသွားလားဟင်၊ ဘာတွေ ပြောကြလဲ”

“ တော် စမ်းပါ ဘာပြောရမှာ လဲ၊ မနေ့တစ်နေ့ကမှ သိလာတဲ့ လူ တစ်ယောက် ကို”

“ ဟင်း ...........အားလျော့လိုက်တာ၊ သီတာ ကတော့ ဇာတ်လမ်းကလေးကို အကွက်ဆင်နေတာ”

မျက်နှာကလေး ရှုံ့ရှုံ့မဲ့မဲ့နှင့် သီတာက ပြောလိုက်သည်

“ သီတာရယ် ၊စိတ်ကူးကလဲ၊ ယဉ်ပ”

“စိတ်ကူးယဉ်တာမဟုတ်ပါဘူး၊ သူ့ကြည့်ရတာ မေနော့်ကို အရေး တယူရှိပုံရလွန်းလို့ သီတာက လျှောက်လမ်းကလေးသာအောင် လမ်းခင်းပေးလိုက်တာပါ”

“ သီတာမရေ ဒီလူက ဘယ်ကမှန်းလဲမသိ ၊မိန်းမရှိလား၊ ရည်းစားရှိလားလဲ မသိ၊ သူပြောသမ လောက်ကလေးပဲ တို့သိတာ၊ လူလည်ပတ်ကား တစ်ယောက် ဆိုရင် ဒုက္ခရောက်နေဦးမယ်၊ ခုလဲ မနက်ဖြန် ဘုရားဖူး သွားတာ လိုက်ပို့ပေးမလို့တဲ့၊ သီတာက ဘုရားဖူးသွားမယ့်အကြောင်း သူ့ကို ဘာ ဖြစ်လို့ ပြောလိုက်ရတာ လဲလို့”

“ အင်း............သီတာ ကတော့ မေနော့်ကို သူနဲ့ ခင်မင်ရင်းနှီးစေလိုတဲ့ ဆန္ဒနဲ့ ပြောမိလိုက်တာပါ”

“ ဖြစ်စေချင်တဲ့ ဆန္ဒတစ်ခုထဲ ကြည့်လို့မရဘူးလေ၊ ဖြစ်လာနိုင်မယ့် ပြဿ

နာတွေ အန္တရာယ်တွေ ကိုလဲ ကြည့်ရဦးမယ် သီတာ့စေတနာကို တို့နားလည်ပါတယ်၊ ဒါပေမယ့် တို့ ကတော့ ဇော်ကိုကို သင်ခန်းစာပေးခဲ့လို့ ခံမှန်ဘူး တဲ့ စာသူငယ်လို ဖြစ်နေပြီ”

“ ဒါဆိုလဲ ဆောရီးပဲ၊ သီတာ နောက် ဘာမှ မလုပ်တော့ ပါဘူး”

“သီတာ ”

သူ့ရှေ့က ထွက်သွားဟန်ပြုလိုက်သော သီတာ၏ လက်ကို မေနော်က ဖမ်းဆွဲထားလိုက်သည်။

“ သူ မနက်ဖြန် ခုနစ် နာရီ ဘုရားသွားဖို့ လာခေါ်မယ်တဲ့၊ တို့မသွား ဖြစ်တော့ဘူးလို့ ထွက်ပြော လိုက်နော်”

“ ကောင်းပြီလေ၊ မေနော်က တကယ်ပဲ မသွားတော့ဘူးလား၊ မနက်ဖြန် မေနော့် မေမေဆုံးတာ သုံးနှစ် မြောက်နေ့ ”

ဘယ်မသွားလို့ ဖြစ်မှာ လဲ၊ သူပြန်သွားပြီးမှ မေနော်တို့ သွားကြမှာ ပေါ့”

“ အင်း .....အင်း..........ကောင်းပြီလေ”

သူရိန်သည် ခုနစ် နာရီထက်နောက်မကျဘဲ အဆောင်ရှေ့သို့ ရောက်ရှိလာသည်။

မေနော်က အဆောင်အတွင်း းမှ တွန်းပို့လိုက်သဖြင့် သီတာသည် အပြေးကလေး ကားဆီသို့ ခြေလှမ်းဟန်ပြင် နေသော သူရိန်ကို တွေ့လိုက်သည်။

သူရိန်သည် သီတာ၏ စကားအဆုံးတွင် အဆောင်ဆီသို့ လှမ်းကြည့်ပြီး မျက်နှာ ခပ်ပျက်ပျက် ဖြစ် နေသည်ကို မေနော်တွေ့လိုက်သည်။

“ သိပ်တော့ ယုံပုံမရဘူး၊ မေနော် ခေါင်းကိုက်နေတယ်ဆိုတာ”

ညနေလောက်မှ အားရင် ဝင်လာခဲ့ဦးမယ်လို့ ပြောသွားတယ်၊ သူရိုးရိုးသားသား ခင်မင်တာကို သီတာတို့များ အထင်မှာ းနေပြီလား မသိဘူးနော်”

“တစိမ်းယောကျာ်းလေး တစ်ယောက် က တစိမ်းမိန်းကလေး တစ်ယောက် ကို တိုတောင်တဲ့ အချိန် အတွင်း မှာ ခင်မင်သွားတယ်ဆိုတာ စဉ်းစားစရာပဲ၊ သူ့ရဲ့ ခင်မင်မှုဟာ မောင်လို နှမလိုထက် ပိုမလာတာ မျိုးဆိုရင် မေနော် အတိုင်းထက်အလွန် ဝမ်းသာမိမှာ ပဲ၊ ဒီလိုမှမဟုတ်ဘဲ ခင်မင်မှုထက် အဆင့်ပို လာမယ်ဆိုရင်တော့ သူနစ်နာလိမ့်မယ်၊ သူ့စိတ်ချမ်းသာမှု ကို မေနော် မပေးနိုင်ဘူးလေ၊ မေနော် ပြောခဲ့ပြီပဲ၊ ချစ်တတ်တဲ့နှလုံးသားကို မြှုပ်နှံပစ်ခဲ့တာ ကြာပြီလို့ ဟိုလေ ဒီဟာတွေ အားလုံးကို သီတာအသိဆုံးပါကွာ”

“ကဲပါ၊ အစ်ကိုသူရိန်လဲ ပြန်သွားပြီပဲ၊ အဝတ်အစား မြန်မြန်လဲတော့၊ နေမြင့်သွားရင် ဘုရားပေါ်မှာ လျှောက်လို့ မကောင်းဘူး၊ ပူတယ်”

မေနော်သည် ခုတင်ပေါ်တွင် အသင့်ထုတ်ထားသော အဝတ်အစားများ ကို လဲလှယ်လိုက်ပြီး စလင်း ဘတ်နှင့် ခေါက်ထီးကလေးကို ယူကာ သီတာနှင့်အတူ ကားဂိတ်ဆီသို့ ထွက်ခဲ့ကြသည်။

သူငယ်ချင်းနှစ် ယောက် ဘုရားကုန်းတော် ပေါ်သို့ တောင်ဘက်မုခ်မှ တက်ခဲ့ကြသည်။

ဝယ်ယူလာသော အလင်းတိုင်း၊ နံ့သာတိုင်နှင့် ပန်းများ ကို မိဘများ ၏ နေ့နံထောင့်များ တွင် လှူဒါန်း ပူဇော်ပြီး သည့်အခါတွင် ဘုရားကို တစ်ပတ် ပတ်ဖူးကြသည်။

ဤတွင် မထင်မမှတ်ဘဲ စနေထောင့်တွင် ရေသပ္ပာယ်နေသော သူတစ်ဦးကို သူတို့နှစ် ဦးစလုံး တွေ့လိုက်ကြရ သည်။

“ ဟောတော့”

တအံ့တသြ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်မိလိုက်ကြသည်။

“တို့နှစ် ယောက် ဘုရားကို မ ဖြစ်မနေလာလိမ့်မယ်လို့ သူသဘောပေါက်တယ်နဲ့ တူတယ်သီတာ”

“မပြောတတ်ဘူးလေ”

နှစ် ယောက် သား ရှောင်ရှားချိန်အရနိုင်ခင် သူရိန်၏ မျက်လုံးများ က သူတို့နှစ် ဦးကို တွေ့မြင်သွား၏ ။

ကြောင်အန်းအန်း ဖြစ်နေသော သူတို့နှစ် ဦးကို သူရိန်သည် တွေ တွေ ကြီး ခေတ္တမျှကြည့်ပြီး မျက်နှာကို လွှဲဖယ် သွား၏ ။

“မကောင်းပါဘူး၊ စကားပြောလိုက်ကြရအောင်၊ ပက်ပင်းကြီး တွေ့နေမှတော့”

သီတာက မေနော်၏ လက်ကိုဆွဲ၍ ပြုလ်တိုင်တွင် ရေဆက်လက် သပ္ပာယ်နေသော သူရိန်၏ အနီးသို့ လျှောက် သွားလိုက်သည်။

“အစ်ကိုသူရိန်”

ခေါ်လိုက်သော သီတာ၏ အသံကြောင့် သူရိန်က နောက်သို့ လည့်ပြန်လှည့်ကြည့်လာ၏ ။

သူ့မျက်နှာကြီးတွင် အပြုံး ပျောက်၍ တည်တည်ကြီး ဖြစ်နေ၏ ။

“သီတာနဲ့ မေနော်၊ ကိုယ်လုပ်စရာရှိတာလုပ်ပါ၊ တို့ကိုအားနာစရာမလိုပါဘူး၊ တို့က ခုပဲ ပြန်တော့မှာ ”

“သီတာတို့လဲ လှူဖို့ တန်းလို့ ပြီးခဲ့ပါပြီ၊ ခုပဲ ပြန်ကြတော့မှာ ပါ။ အစ်ကို့ကို မမျှော်လင့်ဘဲ တွေ့လိုက်ရတော့ အံ့ဩသွားတာပါ”

“တို့က ညကအစီအစဉ်အတိုင်း ဒီမနက် ဘုရားကိုတက် ဖြစ်အောင် တက်မယ်လို့ စိတ်ဆုံးဖြတ် ထားတော့ သီတာတို့မလိုက်လဲ တက် ဖြစ်အောင် တက်လိုက်တာပဲ”

“အင်း...မေနော်တို့လဲ မလာတော့ဘူးလို့ ဆုံးဖြတ်ပြီးမှ အလုပ်ပြန်ဆင်းရင် နောက်တော် တော် နဲ့ ရောက်မှာ မဟုတ်တာကို စဉ်းစားမိပြီး ချက်ချင်း ထထွက်ခဲ့ကြတာပဲ”

“ဟုတ်ပါတယ်၊ အစ်ကိုသူရိန် အထင်မလွဲနဲ့နော်၊ ပိုင်ရှင်မမနွယ်ကြီးက မေနော် အလုပ်ဆင်းတာနဲ့ ခိုင်းဖို့ အလုပ်တွေ ကို တန်းစီထားတာ၊ ဒီစနေ၊ တနင်္ဂနွေအားဖို့ဆိုတာ မစဉ်းစားနဲ့တော့၊ ဒါကြောင့် စိတ်ကူးပြန်ပြင်ပြီး ထွက်ခဲ့ ကြတာပါ”

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ ဒါဆို တို့နဲ့အတူ ပြန်နိုင်တယ်ပေါ့နော်"

သီတာနှင့် မေနော်တို့ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ပြီး နှစ် ယောက်သား ပြိုင်တူ ခေါင်းညိတ်ပြလိုက်သည်။

*

(၅)

သီတာနှင့် မေနော်သည် သူရိန်၏ ကားနောက်ခန်းတွင် ဝင်ထိုင်လိုက်ကြသည်။

သူရိန်က ကားစက်ကို မနှိုးမီ သူ့လက်တွင် ပတ်ဆင်ထားသော နာရီကိုကြည့်ပြီး မေနော်တို့ထံသို့ လှည့်ပြန်ကြည့်လိုက်သည်။

"ဆယ့်တစ်နာရီတောင်ကျော်ပြီ၊ တစ်နေရာရာမှာ
မနက်စာဝင်စားကြရအောင်နော်"

"အစ်ကိုသူရိန် ဆာရင်စားပါ၊ မေနော်တို့က မနက်စာချက်ခဲ့ပြီးမှ လာတာ ဒီနေ့သက်သတ်လွတ် စားတာဆိုတော့ အဆောင်ရောက်မှပဲ စားတော့မယ်"

"ချစ်တီးထမင်းဆိုင်မှာ သက်သတ်လွတ်စားလို့ ရပါတယ်ဗျာ၊ ဒီမနက်စာကိုတော့ တို့ကျွေးပါရစေ၊ မငြင်းပါနဲ့"

သူရိန်က သူစကားအဆုံးတွင် ကားကို မောင်းထွက်လိုက်သည်။

မေနော်တို့လည်း မငြင်းသားတော့ဘဲ သူရိန်ခေါ်ဆောင်ရာနောက်သို့
လိုက်ပါခဲ့ကြရတော့သည်။

ရန်ကုန်မြို့ လည် ချစ်တီးထမင်းဆိုင်တစ်ဆိုင်တွင် အသက်သတ်လွတ်ဟင်းများကို အလျှံပယ် မှာ ယူ၍ သူရိန်က မေနော်တို့ကို ကျွေးမွေးခဲ့ပါသည်။

"စားနော်၊ မေနော်နဲ့ သီတာ အားမနာနဲ့၊ တို့ ကတော့စားမှာ ပဲ၊ ချစ်တီးထမင်းဟင်းနဲ့ ဝေးနေတာ ကြာလို့"

သူရိန်သည် ဟန်မဆောင်ဘဲ မေနော်တို့ရှေ့တွင် မြိန်ရည်ယှက်ရည် စားပြနေပါ၏ ။

သီတာနှင့် မေနော်လည်း ဟင်းလျာများ ကို ခံတွင် းတွေ့သဖြင့် မြိန်ယှက်စွာ ပင် စားလိုက်ကြသည်။

"စားလို့ ကောင်းလားမေနော်"

"သိပ်ကောင်းပါတယ် အစ်ကိုသူရိန်"

"ရော့...ဒီမတ်ပဲကြော်လေး စားလိုက်ဦး၊ သီတာလဲ ယူဦးလေ"

"ဟုတ်ကဲ့"

သက်သတ်လွတ် ဘယ်နေ့တွေ စားလဲ၊ တို့နောက်တစ်ခါ ပြင်ဦးလွင်က ဆင်းလာရင် ဒီမှာ လာစား ကြဦးမယ် လေ"

"မေနော့်မွေးနေ့ရယ်၊ ဖေဖေနဲ့ မေမေရဲ့ မွေးနေ့တိုင်းမှာ သက်သတ်လွတ်စားပြီး ကုသိုလ်ယူပါတယ် အစ်ကို သူရိန်"

"သာဓုဗျာ၊ သာဓု...သာဓု၊ ဒီလို လိမ္မာတဲ့ မိန်းကလေး လိုရာဆုများ တစ်လုံးတစ်ဝနဲ့ ပြည့်စုံပါစေလို့ဆုတောင်း ပါတယ်"

"ပေးတဲ့ဆုနဲ့ ပြည့်စုံရပါစေ"

မေနော်တို့က တိုးညင်းသော အသံကလေးဖြင့် ရယ်မောရင်း ပြောလိုက်သည်။

"ဒါနဲ့ အစ်ကိုသူရိန်က ပြင်ဦးလွင်မှာ အသက်မွေးဝမ်းကျောင်းအလုပ် ဘာလုပ်လဲဟင်"

"တို့က စိုက်ပျိုးရေး နဲ့ ဘွဲ့ရထားတာ၊ ပန်းနုမြိုင်မှာ ကိုယ်ပိုင်စိုက်ပျိုးရေး တွေ

လုပ်ထားတဲ့အပြင် ဆေးဘက်တွင် အပင်တွင် တိုးချဲ့ စိုက်ပျိုးဖို့ ပြင်ဆင်နေတယ်၊ ခုတိုင်းရင်းဆေးတွေ အောင်မြင် ထိရောက်မှု ရှိလာပြီဆိုတော့ တို့လုပ်ငန်းက အောင်မြင်တိုးပွားဖို့ရှိတယ်၊ အင်း…တခြား အလုပ်အနေနဲ့ ကတော့ နိုင်ငံခြားကစိုက်ပျိုးမြေသြဇာတွေ တင်သွင်းပြီး အလုပ်လုပ်တယ်၊ သိပ်မကြာခင်က လာသွားတာ နိုင်ငံခြားကုမ္ပဏီက လူတွေ လေ”

“သြော်…သြော်”

“အစ်ကိုသူရိန်တို့ မိသားစုတွေ က ပြင်ဦးလွင်မှာ ပဲလား”

“တို့မှာ မိဘများ မရှိတော့ပါဘူး၊ တို့ငယ်ငယ်ကတည်းက ဆုံးပါးသွားလို့ တို့ကြီးကြီး တစ်ယောက် က တို့ကို ပြုစုပျိုးထောင်လာခဲ့တာလေ”

“ သြော်…”

မေနော်က ငိုင်ငိုင်ငေးငေးကလေး ကြည့်နေ၏ ။

“တို့ ဒီကိုလာတော့ တို့ကို ငယ်ငယ်က ကြည့်ရှု့ထိန်းကျောင်းလာတဲ့ ဘဘမှုံ နဲ့ သူ့မြေးကို ကြီးမေကို စောင့်ရှောက်ထားခိုင်းရတယ်၊ တို့ရန်ကုန်ကအိမ်ကိုတော့ လူငှားတင်ထားတယ်လေ၊ ဒီကိုလာရင် တို့က ဟိုတယ်တွေ မှာ ပဲ တည်းနေတယ်”

“သြော်…ဒါကြောင့် ဒီပတ်ဝန်းကျင်မှာ အစ်ကိုသူရိန်ကို မြင်နေရတာ ကိုး”

“ တို့ မေနော်နဲ့ သီတာ့ကို ပြင်ဦးလွင်ကို တစ်ခါလောက်တော့ လာလည်စေချင်တယ်၊ မရောက်ဘူးသေးဘူး အဟုတ်လား”

“ဟုတ်ကဲ့”

“တယ်သာယာတယ်၊ အေးချမ်းတယ်၊ သိပ်ကို နေလို့ကောင်းတယ်၊ တို့ဆိုရင် ရန်ကုန်မှာ ကျောင်းလာတက်ပြီး ကျောင်းပိတ်တာနဲ့ပြင်ဦးလွင်ကို ပြန်ပြေးတာပဲ၊ ဒီမှာ ကြာကြာကိုးနေလို့မရဘူး၊ ဒါကြောင့် လဲ ကြီးမေ ဝယ်ပေးထားတဲ့ အင်းလျားလမ်းက တိုက်ကို လူငှားတင်ထားပြီး ဟိုတယ်တွေ မှာ လိုက်နေနေတာပေါ့ကွာ”

ထမင်းသောက်ပြီးလျှင် အအေးတစ်ပုလင်းစီ သောက်လိုက်ကြပြီး ထမင်းဆိုင်မှ ထွက်ခဲ့ကြသည်။

"ကဲ...ဘယ်သွားချင်သေးသလဲ၊ တို့ ဒီနေ့အားတယ၊ သွားချင်တဲ့နေရာ လိုက်ပို့ပေးမယ်၊ မိုလ်ချုပ်ဈေး ဝင်ဦးမလား"

"မဝင်တော့ပါဘူး အစ်ကိုသူရိန်၊ အဆောင်မှာ အလုပ်ပြန်မဝင်ခင် လုပ်စရာလေးတွေ ကျန်နေ သေးလို့ပါ"

"ကဲ . . . ဒါဆို ပြန်ကြတာပေါ့"

သူရိန်သည် မေနော်တို့ကို အဆောင်အရောက် လိုက်လံ ပို့ဆောင်ပေးလိုက် သည်။

*

(၆)

"မေနော် အလုပ်ဆင်းပြီလား သီတာ"

"ဟုတ်ကဲ့ မမနွယ်၊ သူစတိုခန်းထဲမှာ ပေါ့"

"သွားခေါ်ခဲ့စမ်း၊ ညည်းတို့နှစ် ယောက် စလုံးကို ငါတွေ့ချင်တယ်"

"ဟုတ် . . . ဟုတ်ကဲ့ပါ"

ခရီးရောက်မဆိုက် ဆိုင်ထဲဝင်လာပြီး မျက်နှာထားတင်းတင်းနှင့် ပြောလိုက်သော ဒေါ်လှလှနွယ်၏ စကား ကြောင့် သီတာမှ ခလုတ်ကန်သင်း တိုက်လုမတတ် စတိုခန်းဆီသို့ ပြေး သွားပါသည်။

ဒေါ်လှလှနွယ်သည် ဘောင်ဆတ်ဘောင်ဆတ်နှင့် သူ့ အလုပ်ခန်းဆီသို့ လျှောက်သွားပြီး အလုပ် စားပွဲက ဆုံလည်ကုလားထိုင်တွင် ထိုင်ကာ မေနော်တို့နှစ် ယောက်ကို စောင့်နေ၏ ။

"မေနော်၊ မေနော်"

"ဟဲ့ … အသက်များ ရှုပါဦး၊ ခေါ်နေလိုက်တာ၊ နောက်က ကျားလိုက်နေတဲ့အတိုင်းပဲ"

"ဟုတ်တယ်၊ ဟုတ်တယ်၊ နောက်က ကျားမကြီး လိုက်နေလို့ အသက်မရှုစတမ်း မေနော်ကို ခေါ်နေရတာ "

"ဘာ"

မေနော်သည် ဖိုင်တွင် တစ်စုံတစ်ခုကို ရေး ခြစ်နေရာမှ သီတာ့ကို ကြည့်လိုက်သည်။

"အဲဒါတွေ ထားခဲ့၊ ကျေးဇူးရှင်မကြီးက သီတာနဲ့ မနော် နှစ် ယောက် စလုံး ခု ချက်ချင်း တွေ့ချင်လို့တဲ့"

"ဟင် …နှစ် ယောက် စလုံးကို ဒုက္ခပါပဲ၊ ဘာများ ပြဿ နာပေါ်ပြန်တယ် မသိပါဘူး"

မေနော်သည် လက်ထဲက ဖိုင်နှင့် ဘောလ်ပင်ကို ပစ္စည်းထုတ်များ ပေါ်တွင် တင်ထားခဲ့ပြီး သီတာနှင့် အတူ အပြေးကလေး ဒေါ်လှလှနွယ်၏ ရုံးခန်းဆီသို့ ထွက်ခဲ့ကြသည်။

"လာကြ၊ လာကြ၊ မိန်းမလည်သိန်းကြွယ်နှစ် ယောက် ၊ အလုပ်ဆင်းဖို့ကျတော့ ဘာနာလို့ ညာနာလို့နဲ့ ယောက်ျား တစ်ယောက် နဲ့ အပြင်ထွက်ဖို့ကျတော့ ကြည်လို့ ပြီလို့ပါလားဟင်"

"ဟင်"

သီတာနှင့် မေနော်သည် ဒေါ်လှလှနွယ်၏ ကဗျာမဆန်သော စကားလုံးများကြောင့် တစ်ယောက် မျက်နှာ တစ်ယောက် အံ့အားသင့်၍ ကြည့်နေမိလိုက်ကြသည်။

"ခုမှ မခုတ်တတ်တဲ့ကြောင်တွေ ဖြစ်မနေကြနဲ့၊ ပြောကြစမ်း၊ ညည်းတို့ ဘယ်ကကောင်နဲ့ သွားကြ တာလဲဟင်၊ လိမ်ပြောမယ်တော့ မစဉ်းစားနဲ့၊ ညည်းတို့ကို မျက်စိနဲ့ တပ်အပ်မြင်တဲ့လူက ငါ့ကို ပြန်ပြောတာ"

"လိမ်စရာအကြောင်း မရှိပါဘူး မမနွယ်၊ ဘုရားကအပြန် မေနော်တို့ မိတ်ဆွေက ထမင်းကျွေးလို့ ချစ်တီးဆိုင် မှာ ဝင်စားကြတာပါ"

"ညည်းမိတ်ဆွေ ဟုတ်လား၊ မေနော် ညည်းက ဘယ်တုန်းက ဒီလူနဲ့ မိတ်ဆွေ ဖြစ်သွားရတာ လဲ"

"သိပ်မကြာသေးပါဘူး"

မေနော်က အမှန်အတိုင်း ရိုးစင်းစွာ ပြောလိုက်သည်။

"ဘုရား၊ ဘုရား သိပ်မကြာသေးတဲ့ လူ တစ်ယောက် နောက်ကို လိုက်ပြီး ထမင်းသွားစားတယ်၊ ညည်းဟာက မဟုတ်တော့ပါဘူး။ ညည်း ဘယ်လိုအတန်းအစားလမ်းကို လိုက်နေတာလဲဟင်"

သူ့ကိုယ်ကျင့်တရားကို ထိပါးလာသည့်အခါတွင် တော့ မေနော်သည် အသည်းဆတ်ဆတ်ခါအောင် နာကျင် သွားပါသည်။ သူသည် ဒေါ်လှလှနွယ်ကို ဆတ်ခနဲ ကြည့်လိုက်သည်။

"မမနွယ် စကားကို ကြည့်ပြောပါ၊ မေနော်တို့ရဲ့ ရိုးရိုးသားသား ခင်မင်မှု ကို ဒီလို အမြင်မစောင်းပါနဲ့၊ သူနဲ့ သွားတာ မေနော် တစ်ယောက် တည်း မဟုတ်ဘူး၊ သီတာလဲပါတယ်၊ မေနော်သိက္ခာကို ထိပါးတာတော့ မေနော် မခံနိုင်ဘူး"

"အမယ်၊ အမယ်လေး နှုတ်သီးကောင်း လျှာပါးနဲ့ ငါ့ကို ရန်တွေ့နေလိုက်တာ၊ ညည်းဘယ်မှာ များ အားကိုးတွေ တွေ့နေလဲဟင်၊ ညည်းသိထားဖို့က မယဉ်မေက ငါ့လက်ထဲ

ညည်းကို အပ်ထားတာ၊ ညည်းနဲ့ ပတ်သက်ရင် ငါ့မှာ တာဝန်ရှိတယ်၊ ညည်း ငါဆုံးမတာကို မခံနိုင်ဘူးဆိုရင် ငါ့ဆီက အလုပ်ထွက်၊ ဒါပဲ"

"ရပါတယ်၊ ထွက်ဆိုလဲ ထွက်လိုက်ရုံပဲ၊ ကိုယ့်ကိုယ်ကျင့်တရားကို စော်ကားတာကတော့ လုံးဝ မခံနိုင်ဘူး၊ သွားမယ်"

အံ့အားသင့်နေသော ဒေါ်လှလှနွယ်၏ ရှေ့မှ မေနော်သည်ချာခနဲ လှည့်ထွက်သွားတော့သည်။

"မေနော်၊ မေနော်"

မေနော့်နောက်သို့ သီတာက ပြေးလိုက်လာ၏ ။

"မေနော် နေပါဦး"

သီတာက မေနော့်လက်ကို လှမ်းဆွဲလိုက်သည်။

မေနော်သည် မျက်ရည်များ အိုင်ပြည့်နေသော မျက်ဝန်းဖြင့် သီတာ့ကို ကြည့်လိုက်သည်။

"မေနော် ဘယ်သွားမလို့လဲ၊ စိတ်လိုက်မာန်ပါ မလုပ်လိုက်ပါနဲ့၊ မမနွယ် လွန်တာတော့ လွန်တာပေါ့၊ ဒါပေမယ့်..."

"တော် ပြီ သီတာ၊ သူ မေနော့်ကို နှိမ်တာများ ပြီး ဒေါ်လေးယဉ်မေက သူ့ကို အပ်ထားတယ်ဆိုပြီး နှိမ်ချင်တိုင်း နှိမ်တာတော့ မေနော် မခံနိုင်ဘူး"

"ဒါဆို မေနော် ဘာလုပ်မှာ လဲဟင်"

"အလုပ်အသစ်ရှာမယ်၊ စုဆောင်းထားတာလေးတွေ ရှိပါတယ်၊ ချက်ချင်း တော့ငတ်သေ မသွားနိုင်ပါဘူး"

မေနော်သည် သီတာ၏ လက်ကို ဖြုတ်ချပြီး သူ့ပစ္စည်းများ ကို ကောက်သိမ်းကာ နှင်းပွင့်စတိုးကို ကျောခိုင်း လိုက်တော့သည်။

“မေနော်၊ မေနော် ဒါဘယ်လဲ၊ ခုပြန်ဝင်ခဲ့စမ်း”

မေနော်သည် ဒေါ်လှလှနွယ်၏ ဒေါသတကြီး ခေါ်သံကို မသိကျိုးကျွန်းပြုကာ နောက်ကြောင်းကို လုံးဝဥဿုံ မကြည့်ဘဲ လျင်မြန်စွာ ထွက်ခွာသွားတော့သည်။

စိတ်ကိုချုပ်တီးမရနိုင်ဘဲ တစ်လမ်းလုံး မေနော်ငိုမိခဲ့သည်။ အဆောင်သို့ ရောက်သည့် အခါတွင် တော့ လက်ထဲက ပစ္စည်းတွေ ကို ပစ်ချကာ ကုတင်ပေါ်တွင် ကိုယ်ကိုယ်မှော က်၍ အသံများ ထွက်အောင် ငိုပစ်လိုက်သည်။

ငို၍ အားရတော့မှ ခုတင်ပေါ်တွင် ထထိုင်ကာ လက်ကိုင်ပဝါဖြင့် မျက်ရည်များ ကို သုတ်ပစ်နေ၏ ။

“တော် တော် ရက်စက်တဲ့ မမနွယ်၊ ငါ့ကိုများ ဆိုရင်နိုင်သလား မပြောနဲ့၊ ငါ့မှာ တော့ သူ့ အလုပ်တွေ ကို တစ်နေ့တစ်နေ့ပြားနေ အောင်လုပ်လိုက်ရတာ ၊ လစာလဲ တိုးမပေးဘူး၊ အင်း ----ငါကိုက ကံဆိုးမပါ၊ ရှားရှားပါးပါး ရှိတဲ့ အဒေါ် တစ်ယောက် ကလဲ အသက်လေးဆယ်ကျော်ကာမှ ကံပေါ်ပြီး ငါ့ကို သူ့ ယောကျာ်းနဲ့ ငြိစွန်းမှာ စိုးလို့ ဒေါ်လှလှနွယ် လက်ထဲဝကွက်အပ်ခဲ့တယ်။ ခုတော့ ငါ့မှာ ဟသ်ာတပြန်ဖို့ လမ်းလဲ မရှိတော့ဘူး၊ ဒီအဆောင်မှာ ပဲ ခြစ်ခြစ်ကုပ်ကုပ်နေပြီး တစ်ခြားအလုပ် ရှာရတော့မယ်”

မေနော်သည် ခုတင်ပေါ်သို့ ပြန်လှဲချကာ နဖူးပေါ် လက်တင်၍ သူ့ရှေ့ဆက်ရမည့် ဘဝခရီးကို တွေ းတော နေမိလိုက်သည်။

*